教育部外语专业面向21世纪缅甸语语言类主干课程教材

# 大学缅甸语视听

尹湘玲　阎艳萍　编著

ZC414

20/2004

解放军外语音像出版社

နားစင်ဖွယ်ရာမြန်မာစာ

# 大学缅甸语视听

尹湘玲 阎艳萍 编著

解放军外语音像出版社

书名：大学缅甸语视听

编著者：尹湘玲　阎艳萍
出版发行者：解放军外语音像出版社
（河南省洛阳市涧西区广文路 2 号）
（邮编 471003）
印刷者：解放军外国语学院印刷装订厂

开　本：850×1168　1/32
版　次：2004 年 6 月第 1 版
印　次：2004 年 6 月第 1 次印刷
印　张：8
字　数：200 千字
印　数：1-100

书　号：ISBN7-88472-037-X
定　价：27.00 元

# 前　言

《大学缅甸语视听》是国家外语非通用语种本科人才培养基地教材暨教育部外语专业面向21世纪缅甸语语言类主干课程教材《大学缅甸语》系列教材之一，适合大学缅甸语专业高年级视听课使用。本教材时代性与实用性相结合，既自成体系，又与系列教材中其他课程相互补充，形成整体，旨在通过对学生缅语视听能力的系统训练，达到全面提高缅语语言能力的目的。

本套教材由声像资料（光盘、录音磁带）和文字教程两部分组成，两部分内容相辅相成。全教材共设置15个单元，题材包括电视专题片、电视短剧、电视采访、广播剧、专题广播等，内容涉及缅甸工业、农业、渔业、医疗、教育等各个行业以及社会生活的各个方面，从多个角度较为全面地反映了缅甸政治经济的现状。声像资料全部选自2002年以来缅甸国家电视台、电台播放的节目。语言标准、题材多样、内容新颖、时代感强，是这套教材选材的突出特点。

本套教材的文字部分，除了和声像资料相对应的文字资料之外，还根据学生在高年级阶段的学习特点，逐课配备了相应的注释和练习。每课的注释包括生词注释、语言难点注

释、背景知识注释等。多样化的练习设置，既有训练听力的填空、选择、复述等题型，也有训练理解和表达能力的问答、翻译等题型，力求提高学生的视听综合水平。

本教材在编写的过程中，获得解放军外国语学院五系领导和缅语教学组全体同志的大力支持，还得到学院电教中心地面站同志的鼎力帮助，在此一并致以衷心的感谢。

编者

2004年6月



此为试读，需要完整PDF请访问：www.ertongbook

# မာတိကာ

(က)

ရေပျက်းစနစ်ဆောင်ရွက်ခြင်း ...... 1
မန္တလေးမြေလတ်ဂျစ် ...... 8
ဒူးနာရောဂါ ...... 19
အအေးခန်း   ရေခဲစက်ရုံ ...... 29
လေကြောင်းနှင့်အာကာသပညာတက္ကသိုလ်ကြီး ...... 36
အပင်တစ်သျှူးမွေးမြူနည်း ...... 59
ကျွဲကူးမြေပေါ်လွန်းကျင်း ...... 65
ကော်ဖီစက်ရုံ ...... 76
ရေငန်ပုစွန်မွေးမြူရေး ...... 87
ဝါနှင့်ပိုးစာ ...... 96

(ခ)

ဝေဒနာကြားကစေတနာ ...... 103
မြန်မာ့အသံစာပေမိတ်ဆက်ကဏ္ဍ
*မန္တလေးသူမန္တလေးသားများ* ...... 117
အမျိုးသမီးမင်္ဂဇင်းအယ်ဒီတာရဲ့ခေါင်းကြီးပိုင်း
*အာဓာနည်နေ့မမေ့ကြစေရန်* ...... 135
အိမ်ရှေ့ဈေးဆိုင်တည် ...... 138
ရောဂါဆန်း ...... 162

# ရေဖျန်းစနစ်ဆောင်ရွက်ခြင်း

မြန်မာနိုင်ငံဟာ ရေသယံဇာတ ပေါကြွယ်ဝတဲ့နိုင်ငံ ဖြစ်ကြောင်းကို ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်းစတဲ့ မြစ်ကြီးများနဲ့ မြစ်ငယ်ချောင်းငယ်များ ပေါများမှုက အထင်အရှား သက်သေပြလျက် ရှိပါတယ်။

ဒါ့အပြင် မိုးရာသီမှာ ရွာသွန်းတဲ့ မိုးရေတွေကို ချောင်း မြောင်း ပိတ်ဆို့ကာ သိုလှောင် ထိန်းသိမ်းထားရှိ နိုင်ပါတယ်။

မြေအောက်က ရေတွေကိုလည်း တူးဖော်ကာ ရေရယူနိုင်ပြန်ပါတယ်။ သီးနှံစိုက်ပျိုးရေးမှာ ရေဟာ အဓိကကျလှပါတယ်။ ရေရှိရင် သီးနှံကို တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်ပါတယ်။ သီးနှံပင် အတွက် လိုအပ်တဲ့ ရေကို အကျိုးရှိရှိ ထိထိမိမိ အသုံးပြုဖို့ လိုအပ်ပါတယ်။ အဖိုးတန်လှတဲ့ရေကို ထိရောက်စွာ အသုံးပြုမှသာ အကျိုးရှိမှာ ဖြစ်ပါတယ်။

ရေဖျန်းစနစ်ကို မိုးနည်းပါးတဲ့ ဒေသတွေမှာ ဆည်၊ ချောင်းမြောင်း များက ရေကိုလိုအပ်သလို မရရှိခဲ့ရင် မြေအောက်ရေကို တူးဖော်ပြီး ရေကန်များက တစ်ဆင့် စိုက်ခင်းတွင်း ရေဖျန်းစနစ်ကို ကျင့်သုံးနိုင်ပါတယ်။ ဒီလို ဆောင်ရွက်ခြင်းအားဖြင့် တစ်ဧက အထွက်နှုန်းကို တိုးလာစေပါတယ်။ စိုက်ခင်းတွင်းရေကို ရေမြောင်းစနစ်နဲ့ ရေပေးသွင်းရင် တစ်ဧကမှာ ရေဂါလန် တစ်သန်းခန့် ပေးသွင်းရပါတယ်။ ရေဖျန်းစနစ်ကို ကျင့်သုံးရင်တော့ တစ်ဧကမှာ ရေဂါလန် သုံးသိန်းနီးပါးသာ ကုန်ကျတာမို့ ရေသုံးစွဲရဖို့ လေးပုံတစ်ပုံ ကွာခြားပါတယ်။ ဝါ တစ်ဧကထွက်နှုန်း ပိုလာအောင် ရေဖျန်းစနစ်ကို အသုံးပြုနိုင်ပါတယ်။ ဒါ့အပြင် ပဲမျိုးစုံ၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ စိုက်ခင်းတွေကိုသာမက နိုင်ငံတော်အတွက် အရေးကြီးတဲ့ ဆီထွက်သီးနှံများကိုလည်း တစ်ဧကအထွက်နှုန်း ပိုလာအောင် ရေဖျန်းစနစ်နဲ့ စိုက်ပျိုးလုပ်ကိုင်နိုင်ပါတယ်။ ရေဖျန်းစနစ်ကိုသာ

ထိထိမိမိ အသုံးပြုရင် မြေပဲ၊ နှမ်းစိုက်ခင်းတွေမှာ လက်ရှိ ထွက်နှုန်းထက် နှစ်ဆနီးပါး ပိုမိုထွက်ရှိ လာမှာဖြစ်ပါတယ်။ အရင်က မိုးကောင်းသောက်လယ်ယာမြေတွေမှာ ရေရရှိရေးကို မဆောင်ရွက်နိုင်ခဲ့တဲ့အတွက် တစ်မိုးမှာတစ်သီးသာ စိုက်ပျိုးနိုင်ခဲ့ပြီး ဒီတစ်သီးစိုက်ဖို့အတွက်လည်း မိုးကိုသာ အားကိုးမျှော်လင့်ခဲ့ကြရပါတယ်။ အခုအခါ ရေရရှိရေးကို ဆောင်ရွက်လုပ်ကိုင် လာနိုင်တဲ့အတွက် တစ်သီးသာမက သီးထပ်များကိုပါ စိုက်ပျိုးလာနိုင်ခဲ့ကြပြီ ဖြစ်ပါတယ်။

ရေဖျန်းစနစ်ဟာ အပိုးတန်ရေကို အပင်လိုအပ်ချက်အတိုင်း ရရှိအောင် ဆောင်ရွက်နိုင်ပါတယ်။ မိုးကိုမမျှော်ရဘဲ ရေလိုအပ်ချိန်မှာ မိုးရေများ ပက်ဖျန်းလိုက်သလို ရေကိုရရှိလာနိုင်ပါတယ်။ မိုးကိုမျှော်ပြီး စိုက်ပျိုးရတဲ့ စနစ်ကနေ အခုအခါမှာ ရေကိုလိုအပ်သလို ရရှိသုံးစွဲပြီး စိုက်ပျိုးရတဲ့ စနစ်အဖြစ် ပြုပြင်ပြောင်းလဲကျင့်သုံးလာနိုင်ကြပြီ ဖြစ်ပါတယ်။

ရေဖျန်းကရိယာတွေကို လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန လယ်ယာသုံးစက်ကရိယာထုတ်လုပ်ရေး အလုပ်ရုံတွေက ထုတ်လုပ် ရောင်းချပေးလျက် ရှိပါတယ်။ ဒါ့အပြင် ဆည်မြောင်းဦးစီးဌာန စက်မှုအလုပ်ရုံတွေကလည်း ထုတ်လုပ်ပေးနေပါတယ်။ ရေဖျန်းကရိယာကို အသုံးပြုခြင်းအားဖြင့် ရရှိလာမဲ့အကျိုးကတော့ သီးနှံများ သိသိသာသာ အထွက်တိုးလာခြင်းပဲ ဖြစ်ပါတယ်။

ရေဖျန်းကရိယာကို အသုံးပြုစိုက်ပျိုးတဲ့အတွက် အကျိုးရှိလာကြတာကို မြန်မာနိုင်ငံအလယ်ပိုင်း မကွေးတိုင်း နှမ်းစိုက်ပျိုးတဲ့ဒေသက တောင်သူတွေ၊ မန္တလေးတိုင်း ဝါစိုက်ပျိုးတဲ့ဒေသက တောင်သူတွေ သိရှိနေကြပြီ ဖြစ်ပါတယ်။ မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် ဆိပ်သိမ်းဒေသဟာ ကုန်းခေါင်ခေါင်ခြောက်သွေ့တဲ့ဒေသ ဖြစ်ပါတယ်။ ဒီဒေသမှာ အရင်က ရေကိုလိုသလိုမရလို့ သီးနှံစိုက်ပျိုးမှု မဖြစ်ထွန်းခဲ့ပါဘူး။ အခုဆိုရင် မြေအောက်ရေများကို ထုတ်ယူ

ခြင်း၊ ချောင်းပိတ်မြောင်းပိတ် ရေသိုလှောင် ခြင်းအပြင်၊ ရေဖျန်းစနစ်ကျင့်သုံးကာ သီးနှံမျိုးစုံစိုက်ပျိုးခြင်းတို့ကို စံနမူနာ ပြအဖြစ် ဆောင်ရွက်လာခဲ့ရာမှာ သီးနှံများ အထူးဖြစ်ထွန်းအောင်မြင်လျက် ရှိပါတယ်။ ဒါကြောင့် တောင်သူလယ်သမား ကြီးများ အနေနဲ့ ရေဖျန်းစနစ်နဲ့ သီးနှံစိုက်ပျိုးခြင်း လုပ်ငန်းကို မဖြစ်မနေ ဆောင်ရွက်သင့်ပါကြောင်း မှတ်တမ်းပြု တင်ဆက်လိုက်ရပါတယ်ခင်ဗျာ။ ။

## ခက်ဆစ်များ

| | |
|---|---|
| ရေဖျန်းစနစ် | 喷洒灌溉 |
| မိုးရေတွေကို ချောင်းမြောင်းပိတ်ဆို့ကာ သိုလှောင်ထိန်းသိမ်းထားရှိနိုင်ပါတယ်။ | （在雨季）截流蓄水 |
| မြေအောက်ကရေတွေကို တူးဖေါ်ကာ .... | 发掘地下水 |
| တစ်ဧကအထွက်နှုန်း | 亩产量 |
| ဂါလန် (gallon) | （容量）加仑 |
| ရေမြောင်းစနစ် | 沟渠灌溉 |
| ဆီထွက်သီးနှံ | 油料作物 |
| မိုးကောင်းသောက်လယ်ယာမြေ | 靠雨水种植的田地（与人工灌溉地相对而言） |
| တစ်မိုးမှာတစ်သီးသာစိုက်ပျိုးနိုင်သောသီးနှံ | 单季作物 |
| သီးထပ် | 复种作物 |
| လယ်ယာစိုက်ပျိုးရေးနဲ့ဆည်မြောင်းဝန်ကြီးဌာန | 农业水利部 |
| စက်မှုလယ်ယာဦးစီးဌာန | 农机局 |
| လယ်ယာသုံးစက်ကရိယာထုတ်လုပ်ရေးအလုပ်ရုံ | 农机厂 |
| ဆည်မြောင်းဦးစီးဌာန | 水利局 |

| | |
|---|---|
| စက်မှုအလုပ်ရုံ | 机械厂 |
| ကျောက်ပန်းတောင်းမြို့နယ် | 皎勃东镇区（曼德勒省） |
| ကုန်းခေါင်ခေါင်ခြောက်သွေ့တဲ့ဒေသ | 远离江河的干旱地区 |

## လေ့ကျင့်ရန်မေးခွန်းများ

၁။ နှုတ်ဖြင့်ဖြေဆိုခြင်း။

ရေဖျန်းစနစ်ဆောင်ရွက်ခြင်း၏အကျိုးကျေးဇူးကို အကျဉ်းချုပ်ဖော်ပြပါ။

၂။ ကွက်လပ်ဖြည့်ခြင်း။

(၁) မြန်မာနိုင်ငံဟာ ______________________ ဖြစ်ကြောင်းကို ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်း စတဲ့ ____________ပေါ်များမှ က အထင်အရှား သက်သေပြလျက် ရှိပါတယ်။

(၂) ရေဖျန်းစနစ်ကို __________________ဆည်၊ ချောင်းမြောင်းများက ရေကို__________ မရရှိခဲ့ရင် ____________ကို တူးဖော်ပြီး ရေကန်များက တစ်ဆင့် စိုက်ခင်းတွင်း ရေဖျန်းစနစ်ကို ကျင့်သုံးနိုင်ပါတယ်။ ဒီလို ဆောင်ရွက် ခြင်းအားဖြင့် ____________ကို တိုးလာစေပါတယ်။ စိုက်ခင်းတွင်းရေကို ___________နဲ့ ရေပေးသွင်းရင် တစ်ဧကမှာ ရေဂါလန် တစ်သန်းခန့် ပေးသွင်း ရပါတယ်။ ___________ကို ကျင့်သုံးရင်တော့ တစ်ဧကမှာ ရေဂါလန် သုံးသိန်းနီးပါးသာ ကုန်ကျတာမို့ ရေသုံးစွဲရဖို့ လေးပုံ တစ်ပုံ ကွာခြားပါတယ်။ ဝါတစ်ဧကထွက်နှုန်း ___________ရေဖျန်းစနစ်ကို အသုံးပြုနိုင်ပါတယ်။ ဒါ့အပြင် ပဲမျိုးစုံ၊ ____________၊ သစ်သီးဝလံ စိုက်ခင်းတွေကိုသာမက နိုင်ငံတော် အတွက် အရေးကြီးတဲ့ __________ကို လည်း တစ်ဧကအထွက်နှုန်း ပိုလာအောင် ရေဖျန်းစနစ်နဲ့ စိုက်ပျိုးလုပ်ကိုင်

နိုင်ပါတယ်။ ရေဖျန်းစနစ်ကိုသာ ထိထိမိမိ အသုံးပြုရင် မြေပဲ၊ နှမ်းစိုက်ခင်းတွေမှာ ____________နှစ်ဆနီးပါး ပိုမိုထွက်ရှိလာမှာ ဖြစ်ပါတယ်။ အရင်က မိုးကောင်းသောက်______________မှာ ရေရရှိရေးကို မဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ________________စိုက်ပျိုးနိုင်ခဲ့ပြီး ဒီတစ်သီးစိုက်ဖို့အတွက်လည်း မိုးကိုသာ အားကိုးမျှော်လင့်ခဲ့ကြရပါတယ်။ အခုအခါ ရေရရှိရေးကို ဆောင်ရွက်လုပ်ကိုင်လာနိုင်__________ တစ်သီးသာမက သီးထပ်များကိုပါ စိုက်ပျိုးလာနိုင်ခဲ့ကြပြီ ဖြစ်ပါတယ်။

၃။ အဖြေရွေးချယ်ခြင်း။

(၁) ရေဖျန်းစနစ်ကို အများအားဖြင့် ______________ တွေမှာ ကျင့်သုံးနိုင်ပါတယ်။

က၊ မိုးများတဲ့ဒေသ

ခ၊ မိုးနည်းပါးတဲ့ဒေသ

ဂ၊ ဆည်၊ ချောင်းမြောင်း ပေါများတဲ့ဒေသ

ဃ၊ တစ်မိုးမှာ တစ်သီးသာ စိုက်ပျိုးနိုင်တဲ့ဒေသ

(၂) ရေဖျန်းစနစ်ဟာ ____________ ရေရယူနိုင်ခြင်း ဖြစ်တယ်။

က၊ မိုးရေတွေကို သိုလှောင်ထိန်းသိမ်းကာ

ခ၊ မြစ်ရေချောင်းရေတွေကို စုပ်ယူကာ

ဂ၊ မြေအောက်ရေတွေကို တူးဖော်ကာ

ဃ၊ ချောင်းမြောင်းပိတ်ဆို့ကာ

(၃) ရေမြောင်းစနစ်နဲ့စာရင် ရေဖျန်းစနစ် ရေကုန်ကျတာ__________ကွာခြားပါတယ်။

က၊ လေးပုံတစ်ပုံ

ခ၊ သုံးပုံတစ်ပုံ



此为试读,需要完整PDF请访问: www.ertongbook.com

ဂ၊ ရောဂါလန်တစ်သန်းခန့်

ဃ၊ ရောဂါလန်သုံးသိန်းခန့်

(၄) ______________ တစ်ဧကအထွက်နှုန်း ပိုလာအောင် ရေဖျန်းစနစ်နဲ့ စိုက်ပျိုးလုပ်ကိုင်နိုင်ပါတယ်။

က၊ ဟင်းသီးဟင်းရွက်စိုက်ခင်းတွေကိုသာ

ခ၊ သစ်သီးဝလံစိုက်ခင်းတွေကိုသာ

ဂ၊ ဆီထွက်သီးနှံများကို

ဃ၊ သီးနှံမျိုးစုံစိုက်ခင်းတွေကို

(၅) မိုးကောင်းသောက်လယ်ယာမြေတွေမှာ ______________ တဲ့အတွက် တစ်မိုးမှာ တစ်သီးသာ စိုက်ပျိုးနိုင်ခဲ့တယ်။

က၊ ရေဖျန်းစနစ်ကို မကျင့်သုံးနိုင်

ခ၊ ရေမြောင်းစနစ်ကို မကျင့်သုံးနိုင်

ဂ၊ ရေရရှိရေးကို မဆောင်ရွက်နိုင်

ဃ၊ သီးထပ်များကို မစိုက်ပျိုးနိုင်

(၆) ရေဖျန်းကရိယာတွေကို ______________ က ထုတ်လုပ်ရောင်းချပေးလျက်ရှိပါတယ်။

က၊ ပုဂ္ဂလိကအလုပ်ရုံတွေ

ခ၊ နိုင်ငံခြားစက်မှုအလုပ်ရုံတွေ

ဂ၊ လယ်ယာသုံးစက်ကရိယာထုတ်လုပ်ရေးအလုပ်ရုံတွေ

ဃ၊ တောင်သူလယ်သမားတွေကိုယ်တိုင်

(၇) ကျောက်ပန်းတောင်းမြို့နယ် ဆိပ်သိမ်းဒေသဟာ ______________ ဖြစ်ပါတယ်။

က၊ ရေသိုလှောင်ကန်တွေ တူးဖော်ထားတဲ့ဒေသ

ခ၊ ကုန်းခေါင်ခေါင်ခြောက်သွေ့တဲ့ဒေသ

ဂ၊ မိုးကောင်းသောက်လယ်ယာမြေများပြားတဲ့ဒေသ

ဃ၊ မြေအောက်ရေရှားလှတဲ့ဒေသ

(၈) မိုးနည်းပါးတဲ့ဒေသမှာ အရင်က ရေကိုလိုသလိုမရလို့ ____________ ။

က၊ သီးနှံစိုက်ပျိုးခြင်းလုပ်ငန်းကို မဆောင်ရွက်နိုင်ဘူး။

ခ၊ မြေအောက်ရေများကို မထုတ်ယူနိုင်ခဲ့ဘူး။

ဂ၊ ချောင်းပိတ်မြောင်းပိတ်ရေသိုလှောင်ခြင်းမပြုခဲ့ဘူး။

ဃ၊ သီးနှံစိုက်ပျိုးမှုမဖြစ်ထွန်းခဲ့ပါဘူး။

# မန္တလေးမြေလတ်ဂျစ်

မြန်မာ့ရုပ်မြင်သံကြားပရိသတ်များခင်ဗျား၊ မန္တလေးတိုင်းမြင်းခြံမြို့ မြင်းခြံစက်မှုဇုန်အနေနဲ့ နိုင်ငံတော်အစိုးရက ချမှတ်ပေးတဲ့ စည်းကမ်းများနဲ့ အညီ ပုံစံပြောင်း ဂျစ်ကားများကို နိုင်ငံတော်ရဲ့ သယ်ယူပို့ဆောင်ရေး လိုအပ်ချက်ကို မိမိတို့ တတ်နိုင်တဲ့ အပိုင်းမှ ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်၊ သွင်းကုန်အစားထိုး လူစီးမော်တော်ယာဉ် ဂျစ်ကားများ ထုတ်လုပ်ပေးပြီး နိုင်ငံခြားငွေ ချွေတာရန် အရည်အသွေး ကောင်းမွန်ပြီး ဈေးနှုန်း သက်သာစွာနဲ့ မြေလတ်ဂျစ်ကားများ ထုတ်လုပ်ဖြန့်ဖြူးပေးရန် ဆိုတဲ့ ရည်ရွယ်ချက်များနဲ့ ထုတ်လုပ်လျက်ရှိပါတယ်။

မြင်းခြံစက်မှုဇုန်က လုပ်လျက်ရှိတဲ့ မြေလတ်ဂျစ်ကား တစ်စီး စတင် ထုတ်လုပ်တော့မယ် ဆိုရင်တော့ ပထမဦးစွာ ကိုယ်ထည် ထုတ်လုပ်မှု အစိတ်အပိုင်း အနေနဲ့ အထူ ၁၆ ဂိတ်ရှိ ဘယ်လ်ဂျီယံ သံပြားအသစ်များကို အသုံးပြုပြီး ဘယ်ညာ ပါးကြမ်းများ၊ ဘောနက်၊ ရှေ့မှန်ခွင်ကြီး၊ ရှေ့ရှဲစတဲ့ အစိတ်အပိုင်းတွေကို ထုတ်လုပ်ကြရပါတယ်။ ကြမ်းခင်းများကိုတော့ အထူ ၁၈ ဂိတ်ရှိတဲ့ ဘယ်လ်ဂျီယံသံပြားနဲ့ ထုတ်လုပ်ကြရပါတယ်။

ဆက်လက်ပြီး သံဖရိမ်ချောင်းများကို အမှတ်(၂)စက်မှုဝန်ကြီးဌာနက သတ်မှတ်ထားတဲ့ drawing ရေးဆွဲထားတဲ့ ပုံစံအတိုင်း ရေတိုင်ကီ အထိုင် နောက်ထုပ်တန်းများကို လိုအပ်သလို တွဲဆက်ပေးကြရပါတယ်။ ဖရိမ်ပိုင်းဆိုင်ရာ တပ်ဆင်ပြီးရင်တော့ အသုံးပြုမယ့် အင်ဂျင်၊ ဂီယာများကို တွဲဆက် တပ်ဆင်ကြရပါတယ်။ ဆက်လက်ပြီး ရှေ့နောက်အိပ်ဆယ်၊ ရှေ့ဂျိုင်း နောက်ဂျိုင်း၊ ရေတိုင်ကီလေးထုတ်များ၊ တာယာများကို လေးဘီးရဲ့ စမ်းသပ် လည်ပတ်ခြင်း ပြုလုပ်နိုင်ရန်အတွက် တပ်ဆင်ကြရပါတယ်။

ဆက်လက်ပြီး လိုအပ်တဲ့ စက်ပစ္စည်းကရိယာများ တပ်ဆင် ပြီးစီးပြီ ဖြစ်တဲ့ မြေလတ်ဂျစ် အောက်ပိုင်းတစ်ခုလုံးကို ဘီးလေးဘီးစလုံး မြှောက်ကာ စမ်းသပ်လည်ပတ်ကြရပါတယ်။ အခုလို စမ်းသပ်စစ်ဆေး ကြည့်ရှုခြင်း အားဖြင့် ဖရိမ်ပိုင်းဆိုင်ရာ လိုင်းမျဉ်းကိုက်ညီမှု ရှိမရှိ၊ တပ်ဆင်ထားတဲ့ အင်ဂျင်ဂီယာ လည်ပတ်မှု မှန်မမှန်၊ အသံ မြည်မမြည်၊ ရှေ့နောက်ဂွိုင်းများ တည့်မတည့် ခါမခါ၊ ဘီးလေးဘီးရဲ့ လှုပ်ရှားမှု ရှေ့ယက် နောက်ယက်များ မှန်ကန်မှု ရှိမရှိ၊ ယာဉ်တစ်စီးလုံး မောင်းနှင် နေစဉ်မှာ တည်ငြိမ်မှု ရှိမရှိ၊ ကောင်းနိုင် မကောင်းနိုင်တို့ကို အလွယ်တကူ သိရှိနိုင်မှာဖြစ်ပါတယ်။ အဲဒီအဆင့်မှာတော့ အမှတ်(၂)စက်မှုဝန်ကြီးဌာန အမှတ်(၂)မော်တော်ယာဉ် ထုတ်လုပ်ရေး စက်ရုံ ထုံးဘိုမှ တာဝန်ရှိသူများကိုယ်တိုင် စက်မှုဇုန်များကို သွားရောက်ပြီး ထုတ်လုပ်မှုဖြစ်စဉ် စစ်ဆေးခြင်း လုပ်ငန်းများကို စစ်ဆေး ပေးပြီး အမှားအယွင်း မရှိအောင် ကြီးကြပ် စီမံဆောင်ရွက်ပေးရပါတယ်။

ဆက်လက်ပြီး အသင့်ထုပ်လုပ်ပြီးဖြစ်တဲ့ ကိုယ်ထည် တပ်ဆင်ခြင်း၊ ဘယ်ညာပါးကြမ်းများ တပ်ဆင်ခြင်း၊ ဘောနက် တပ်ဆင်ခြင်း၊ ရှေ့ မှန်ခွင်ကြီး တပ်ဆင်ခြင်း၊ ရှေ့ရှဲတပ်ဆင်ခြင်း၊ တူးဘား ဘန်ဘာများ တပ်ဆင်ခြင်း၊ တီထွင်ထုတ်လုပ်ထားတဲ့ စက်ပစ္စည်း အစိတ်အပိုင်းများ တပ်ဆင်ခြင်းတို့ကို ဆောင်ရွက် ကြရပါတယ်။

အဲဒီနောက်မှာတော့ ဆေးမှုတ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ကြရပါတယ်။ အချောထည် ဆေးမှုတ်ပြီးပြီ ဆိုရင်တော့ လျှပ်စစ်ပိုင်း ဆိုင်ရာ ကိစ္စရပ်များ ဖြစ်တဲ့ မီးလုံးမီးခွက်များ တပ်ဆင်ခြင်း၊ ဘရိတ်ကလပ်ခုံများ အချောတပ်ဆင် ခြင်း၊ ထရင်းမင်းပိုင်းဆိုင်ရာ ကိစ္စများဖြစ်တဲ့ ရှေ့လေကာ မှန်များ တပ်ဆင်ခြင်း၊ ထိုင်ခုံများ တပ်ဆင်ခြင်း၊ တံခါးဂျက်များ တပ်ဆင်ခြင်း၊ အမိုး အသက်ကယ် ဘောင် ပိုက်လုံးကြီးများ တပ်ဆင်ခြင်း စတာတွေကို ဆောင်ရွက်ပေးရပါတယ်။

အခုလို အချောထည်ပိုင်းဆိုင်ရာ ကိရိယာများ တပ်ဆင်ပြီးရင် ဆိုရင်ပဲ ခရီးကြမ်းခရီးချော တောင်ပေါ်မြေပြန့် မိမိတို့ အလိုရှိရာခရီးကို အသင့် မောင်းနှင်နိုင်ပြီဖြစ်တဲ့ မြေလတ်ကျစ်ကားတစ်စီး ရရှိပြီ ဖြစ်ပါတယ်။

မြင်းခြံစက်မှုဇုန်မှ မြေလတ်ကျစ်ကားများကို ထုတ်လုပ်ရာမှာ အမှတ် (၂) စက်မှုဝန်ကြီးဌာနက ရေးဆွဲပေးတဲ့ drawing များ အတိုင်း ထုတ်လုပ်ထားတဲ့အတွက် အသွင်ဆန်းသလို အရည်အသွေး ကောင်းတာကိုလည်း တွေ့မြင်ကြရပါတယ်။ ထုတ်လုပ်ရရှိပြီဖြစ်တဲ့ မြေလတ်ကျစ်ကားများကို ထုတ်လုပ်သူများကိုယ်တိုင် ခရီးဝေး စမ်းသပ်မောင်းနှင်ခြင်းကို ဆောင်ရွက် ကြရပြီး လိုအပ်တာများကို ပြန်လည်ပြုပြင်မွမ်းမံကြရပါတယ်။ မိမိတို့ စိတ်တိုင်းကျ စမ်းသပ်မောင်းနှင်ပြီးတဲ့နောက်မှာတော့ inspection certificate ရရှိရန်အတွက် အမှတ်(၂) စက်မှုဝန်ကြီးဌာန အမှတ်(၂) မော်တော်ယာဉ် ထုတ်လုပ်မှုစက်ရုံ ထုံးဘိုကို ထုတ်လုပ်ထားတဲ့ မော်တော်ယာဉ်တိုင်း သွားရောက် စစ်ဆေးခံယူကြရပါတယ်။

အဆိုပါ မြေလတ်ကျစ်ကားများကိုတော့ အမှတ်(၂) စက်မှုဝန်ကြီးဌာနက ဖွဲ့စည်းပေးထားတဲ့ စစ်ဆေးရေးအဖွဲ့ဝင်များက ဦးစီးပြီး မော်တော်ယာဉ် ထိန်းသိမ်းလမ်းညွှန်မှု စည်းကမ်းများနဲ့အညီ ခေတ်မီ စက်ကရိယာများကို အသုံးပြုပြီး စစ်ဆေးပေးကြပါတယ်။

ပထမဦးစွာ မော်တော်ယာဉ် အောက်ပိုင်း စစ်ဆေးခြင်း အနေနဲ့ ဝင်ရိုးများ၊ ဖရိမ် (frame)၊ ကိုယ်ထည်အောက်ပိုင်းမှာ တပ်ဆင်ထားတဲ့ ဘိုး၊ နတ်၊ စပရင်ဝါရှာများ ပြည့်စုံမှန်ကန်မှု ရှိမရှိကို ပစ် (pit) ကျင်းများမှာ အသေးစိတ် စစ်ဆေးကြရပါတယ်။ ဆက်လက်ပြီး မော်တော်ယာဉ် ဘယ်ညာချိုးကွေ့ရာမှာ လိုအပ်တဲ့ကွေ့ချိုးဒီဂရီရရှိခြင်း ရှိမရှိကို turning radius tester ကို အသုံးပြုပြီး စတီယာရင် ကွေ့ရာ ဒီဂရီ စစ်ဆေး ချိန်ကြည့်ခြင်းကို ဆောင်ရွက်ပေးရပါတယ်။

အဲဒီနောက် တိုးရင် တိုးအောက် ရှိမရှိ တိုင်းတာစစ်ဆေးခြင်း၊ တည်ငြိမ် ကောင်းမွန်ရန်နဲ့ ဘီးများလျှင်မြန်စွာ ပွန်းစားမှု၊ မညီညာတဲ့ ခုတ်စားမှုများ မဖြစ်ပေါ်စေရန် အတွက် side lap tester ကို အသုံးပြုပြီး တိုင်းတာစစ်ဆေးကာ လိုအပ်သည်များ ပြန်လည် ချိန်ညှိပေးရပါတယ်။

ဆက်လက်ပြီး မြေလတ်ဂျစ်ကားများမှာ တပ်ဆင်ထားတဲ့ ဘရိတ် စနစ် မှန်ကန်မှုရှိမရှိ၊ ဘရိတ်မိမမိ၊ ရှေ့ဘယ်ညာ၊ နောက်ဘယ်ညာ ဘီးများ ညီညွတ်စွာ ဘရိတ်မိခြင်း ရှိမရှိကိုလည်း ဘရိတ် စမ်းသပ်ကရိယာဖြင့် စစ်ဆေးစမ်းသပ်ရပါတယ်။ အဲဒီနောက် မော်တော်ယာဉ်မှာ တပ်ဆင်ထားတဲ့ မိုင်နှုန်းပြကရိယာ မှန်ကန်ကောင်းမွန်မှု ရှိမရှိကိုလည်း စပီဒိုမီတာကို အသုံးပြုပြီး စမ်းသပ် လည်ပတ် စစ်ဆေးကြရပါတယ်။

ဆက်လက်ပြီး ခရီးဝေး မောင်းနှင်စမ်းသပ်ခြင်းကို အမှတ် (၂) စက်မှု ဝန်ကြီးဌာနက ဖွဲ့စည်းပေးထားတဲ့ စစ်ဆေးရေးအဖွဲ့ဝင်များ ကိုယ်တိုင် မောင်းနှင်ပြီး မော်တော်ယာဉ်ရဲ့ တည်ငြိမ်မှု၊ လိုအပ်တဲ့ မိုင်နှုန်းအထိ မောင်းနှင်၍ရမရ၊ နှစ်ဘီး၊ လေးဘီး စနစ်များ ကောင်းမွန်မှု ရှိမရှိ၊ အရှိန်မြင့် ဂီယာဂျက်များ ချောမွေ့စွာ ချိန်းပြောင်း၍ ရမရ၊ အင်ဂျင်အပူဟပ်ပို (over heat) ဖြစ်မဖြစ်၊ မီတာဒိုင်ခွက်များ ပုံမှန်အလုပ်လုပ်မလုပ်၊ စက်သုံးဆီများ ယိုစိမ့်မှု ရှိမရှိတို့ကို လမ်းကြမ်းလမ်းချော နှစ်မျိုးစလုံးမှာ စမ်းသပ်မောင်းနှင်ကြည့်ရ ပါတယ်။

အထက်ပါအတိုင်း စနစ်တကျ စစ်ဆေးစမ်းသပ်ပြီး သတ်မှတ် စံချိန် စံညွှန်း ကိုက်ညီဘောင်ဝင်ပါက မော်တော်ယာဉ် ထိန်းသိမ်းလမ်းညွှန်မှု စည်းကမ်းနဲ့ ကိုက်ညီဘောင်ဝင်တဲ့ မော်တော်ယာဉ် တစ်စီးအဖြစ် သတ်မှတ်ကာ အမှတ်(၂) မော်တော်ယာဉ် ထုတ်လုပ်မှုစက်ရုံ ထုံးဘိုမှာ ဖရိန်ချက်စီနံပါတ်ကို ရိုက်နှိပ်ပေးပြီး မော်တော်ယာဉ် မှတ်ပုံတင် လိုင်စင်စာအုပ် ပြုလုပ်ရန်နဲ့